လုံယန်းကျေးရွာအုပ်စု၊ လုံယန်းရွာမကျေးရွာ

ကျေးသီးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက် (၂၀၂၅-၂၀၃၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ

လုံယန်းရွာမကျေးရွာ၊ လုံယန်းကျေးရွာအုပ်စု၊ ကျေးသီးမြို့နယ်

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ (၈) ရက်

မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | စကားချီး | ၂ | ၃ |
| ၂ | ကျေးရွာ၏ သယံဇာတပြမြေပုံ | ၄ | ၄ |
| ၃ | ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် | ၅ | ၅ |
| ၄ | ကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၆ | ၆ |
| အပိုင်း(၁)<br>ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ | | | |
| ၆ | တည်နေရာနှင့် ပထဝီအနေအထား | ၇ | ၇ |
| ၇ | ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ | ၇ | ၇ |
| ၈ | ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ | ၇ | ၇ |
| ၉ | စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ | ၈ | ၈ |
| | (က) သီးနှံစိုက်ပျိုးရေး | ၈ | ၈ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ | ၉ |
| | (ဂ) ငါးလုပ်ငန်း | ၈ | ၈ |
| | (ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၈ | ၉ |
| | (င) ဘဏ်နှင့် ငွေးကြေးဆိုင်ရာဝန်ဆောင်မှု | ၉ | ၉ |
| ၁၀ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | ၉ | ၉ |
| ၁၁ | ပညာရေး | ၉ | ၁၀ |
| ၁၂ | ကျန်းမာရေး | ၁၀ | ၁၀ |
| ၁၃ | ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၁၀ | ၁၀ |
| ၁၄ | ကျား-မရေးရာ | ၁၀ | ၁၁ |
| ၁၅ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ | ၁၁ | ၁၁ |
| အပိုင်း (၂)<br>စီမံချက်ဆိုင်ရာအချက်အလက်များ | | | |
| ၁၆ | ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက် | ၁၂ | ၁၂ |
| ၁၇ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | ၁၃ | ၁၃ |
| ၁၈ | စီမံချက်ဆိုင်ရာ အချက်အလက်များ | ၁၄ | ၁၅ |
| နောက်ဆက်တွဲများ | | | |
| ၁၉ | ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | ၁၆ | ၆၇ |
| ၂၀ | ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား | ၆၈ | ၆၈ |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံချက်သည် ၂၀၂၅/၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၉ / ၂၀၃၀ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာလူထုများ ကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများနှင့် ရန်ပုံငွေပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ စီမံကိန်းတာဝန်ခံဝန်ထမ်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ထပ်ဆင့်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သော နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်သောနည်းလမ်းကို အသုံးပြု၍ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း အစီအစဉ်ရေးဆွဲနိုင်ရေးအတွက် ကျေးရွာ၏ဖွံ့ဖြိုးရေးစိတ်ပါဝင်စားပြီး ရေးတတ်ဖတ်ကျွမ်းကျင်သူ ကျေးရွာ(၁)ရွာလျှင် လူငယ်(၂)ဦးစီအား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနသို့ သင်တန်းတက်ရောက်၍ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် အထောက်အပံ့ဖြစ်စေရန် ပါဝင်ကူညီဆောင်ရွက်စေခဲ့ပါသည်။ ဤလုပ်ငန်းစဉ်များကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းများ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။


ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအခြေအနေများပါဝင်ပြီး၊ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက် များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လုံယန်းရွာမကျေးရွာ၊ လုံယန်းကျေးရွာအုပ်စု
ကျေးသီးမြို့နယ်

# လုံယန်းရွာမကျေးရွာ၊ ကျေးသီးမြို့နယ်၊ သယံဇာတပြမြေပုံ



# လုံယန်းရွာမကျေးရွာ၊ ကျေးသီးမြို့နယ် ရာသီခွင်ပြ ပြက္ခဒိန်

## ရာသီခွင်ပြ ပြက္ခဒိန်

ကျေးသီးမြို့နယ်၊ ---လုံယန်း---- ကျေးရွာအုပ်စု၊ လုံယန်းရွာမ----ကျေးရွာ ရက်စွဲ၊----------

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | နေပူ | နေပူ | မိုးမှာ | မိုးမှာ | မိုးမှာ | မိုးမှာ | မိုးမှာ/အေး | အေး | အေး | အေး | ချမ်း | ပူ |
| စိုက်ပျိုးရေးလုပ်ငန်း | - | မြေပဲနှိက် ရောင်း | ဆါးနှိက် | ဆါးနှိက် | - | စပါးဘီပြီး | ပြောင်းကြီး | ဆါးစိုက်သီပြီး | - | - | - | - |
| မွေးမြူရေးလုပ်ငန်း | - | - | - | - | - | - | - | - | - | - | - | - |
| စိုက်ပျိုးရေးမဟုတ်သောလုပ်ငန်း | - | - | - | - | - | - | - | - | - | - | - | - |
| စားနပ်ရိက္ခာအခြေအနေ | များ | အသင့် အတင့် | အသင့် အတင့် | အသင့် အတင့် | အသင့် အတင့် | အသင့် အတင့် | ဆိုးများ | ဆိုးများ | ဆိုးများ | ဆိုးများ | ဆိုးများ | ဆိုးများ |
| ဝင်ငွေ | အသင့် အတင့် | နဲ့သင့် | နဲ့သင့် | နဲ့သင့် | အသင့် အတင့် | နဲ့သင့် | များ | များ | များ | အသင့် အတင့် | အသင့် အတင့် | အသင့် အတင့် |
| အသုံးစရိတ် | နဲ့သင့် | များ | များ | များ | နဲ့သင့် | နဲ့သင့် | များ | များ | များ | များ | များ | များ |
| ရောဂါဘယဖြစ်ပွားမှု (လူ) | - | ဖျား | - | - | - | - | ဖျား | - | - | - | - | - |
| ရောဂါဘယဖြစ်ပွားမှု (တိရစ္ဆာန်) | ဖျာနာ | - | - | - | - | - | - | - | - | - | - | - |
| ရေရှိမှု | နဲ့သင့် | အသင့် အတင့် | များ | များ | များ | များ | များ | များ | အသင့် အတင့် | အသင့် အတင့် | နဲ့သင့် | နဲ့သင့် |
| သဘာဝဘေးအန္တရာယ် | - | - | ကျင်္ကြိ | - | - | - | - | - | - | - | - | - |
| ပွဲလမ်းသဘင် | ဘကြီးပွဲ | ဥဒုံးပွဲ | - | - | - | - | သီတင်းကျွတ် ထီထုတ်ပွဲ | ကထိန် | - | - | - | - |

# လုံယန်းရွာမကျေးရွာ၊ ကျေးသီးမြို့နယ် အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ

အဖွဲ့အစည်းချိတ်ဆက်မှုပြ ဇယား




ချိတ်ဆက်ထားသည့် အဖွဲ့အစည်းများ၊

- အုပ်ချုပ်ရေးအဖွဲ့
- ဘာသာရေးအဖွဲ့
- လူငယ်အဖွဲ့
- ကျန်းမာရေးအဖွဲ့
- ကျေးငှက်ကောလိပ်

ချိတ်ဆက်မှုမရှိသည့် အဖွဲ့အစည်း

- ကျေးလက်ရုံး
- ကျန်းမာရေးအဖွဲ့

LLL

အပိုင်း(၁)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

### (၁) တည်နေရာအနေအထားနှင့် ပထဝီအနေအထား

လုံယန်းရွာမကျေးရွာသည် ကျေးသီးမြို့နယ်၏ အရှေ့တောင်ဘက် (၄၁/၀)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအရ သွားလာရလွယ်ကူပြီး ဝမ်စိမ်း-ခိုလမ်လမ်း၊ ပြည်ထောင်စုလမ်းမပေါ်တွင် တည်ရှိပြီး ရာသီမရွေးသွားလာနိုင်ပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင်ပန်ဟုန်းကျေးရွာ၊ အနောက်ဘက်တွင်ဝမ်တုံကျေးရွာ၊ တောင်ဘက်တွင် နမ့်မောင်းကျေးရွာနှင့် မြောက်ဘက်တွင် ပန်ကိုင်းကျေးရွာတို့ရှိပါသည်။ လုံယန်းကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ စပါး ၊ မြေပဲနှင့် ပြောင်းစသည့် သီးနှံများကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ မွေးမြူရေးလုပ်ငန်းများအနေဖြင့် ကျွဲ၊ ကြက်၊ ဝက်နှင့် နွားမွေးမြူသည့် အိမ်ထောင်စုများလည်းရှိသည်။ အခြားဝင်ငွေရလုပ်ငန်းအဖြစ် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သောအိမ်ထောင်စု အနည်းငယ်သာရှိသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၆၅ မှ ၇၀ ဝန်းကျင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် များစွာအထောက်အကူပြုသည်။ ကျေးရွာတည်ရှိမှုမှာ တောင်ပေါ်ဒေသဖြစ်ခြင်းကြောင့် မိုးများ၍ အအေးပိုသောဒေသဖြစ်ပါသည်။

### (၂)ရာသီဥတု နှင့်သဘာဝအရင်းအမြစ်

လုံယန်းရွာမကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သည့် ကျေးရွာဖြစ်ပါသည်။ ကျေးရွာ၏အနောက်ဘက်တွင် တောင်ယာမြေများရှိပြီး အရှေ့ဘက်တွင် လယ်ကွင်းများရှိသည်။ အနောက်ဘက်တွင် ပြောင်းစိုက်ခင်းများပေါများပြီး အရှေ့ဘက်တွင် မြေပဲစိုက်ခင်းအသင့်အတင့်ရှိပါသည်။ ကျေးရွာအတွင်း လယ်မြေအသင့်အတင့်ရှိပြီး မြေဆီလွှာလည်း အသင့်အတင့်ကောင်းမွန်သည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် လယ်ယာမြေကေအနည်းငယ်သာရှိပြီး တောင်တန်းဒေသဖြစ်သည်နှင့်အညီ ချိုင့်ဝှမ်းများပေါများသည်။ တောင်ယာမြေဖြင့် စပါး၊ပြောင်း နှင့် မြေပဲကိုသာ အဓိကထား စိုက်ပျိုးကြပါသည်။ ကျေးရွာအတွင်း သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

### (၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

လုံယန်းရွာမကျေးရွာအတွင်းအုပ်ချုပ်ရေးဆိုင်ရာအဖွဲ့(၁)ဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ ကျောင်းကော်မတီ၊ လူငယ်အဖွဲ့၊ သာရေး/နာရေးအဖွဲ့ ဟူ၍ရှိပါသည်။ ကျေးရွာအတွင်းဖွဲ့စည်းထားသည့် အစုအဖွဲ့များသည်မိမိတို့နှင့် သက်ဆိုင်ရာကဏ္ဍ အလိုက်ဖြစ်သည့် လုပ်ငန်းတာဝန်များအား တက်ကြွစွာပူးပေါင်းဆောင်ရွက်ကြပါသည်။ ပြင်ပမှလူမှုရေးအဖွဲ့အစည်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ကျန်းမာရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်မှုရှိပြီး ရုံးဌာနများနှင့် ချိတ်ဆက်မှုနည်းပါးကြောင်းတွေ့ရှိရပါသည်။

**(၄) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

**(က)** သီးနှံစိုက်ပျိုးရေး

လုံယန်းရွာမကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ရှိသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု(၄)စုသည် ချမ်းသာသောအိမ်ထောင်စု၊ (၅၂)စုသည် အလယ်အလတ်ရှိသော အိမ်ထောင်စု၊ (၄၂)စုသည် ဆင်းရဲသော အိမ်ထောင်စုနှင့် (၁၂)စုသည် အလွန်ဆင်းရဲသောအဖြစ် သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု အနည်းငယ်သာရှိပြီး တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပါသည်။ အခြားသောစိုက်ပျိုးရေးသုံး လယ်ယာမြေသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုအနည်းငယ်သာရှိ၍ ငှားရမ်းပြီး ထွန်ယက်စိုက်ပျိုးကြရပါသည်။ စိုက်ပျိုးရေဖြင့် စိုက်ပျိုးနိုင်သည့် ရေအရင်းအမြစ် မရှိခြင်းကြောင့် မိုးရာသီကာလတွင်သာ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင် ကြရပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေများနှင့် ရာသီဥတုအနေအထားသည် စိုက်ပျိုးသီးနှံများစိုက်ပျိုးရန်အတွက် အဆင်ပြေသောကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ သို့သော် သီးနှံပေါ်ချိန်တွင်ဈေးနှုန်းများကျဆင်းမှု၊ မြေဩဇာများဈေးနှုန်းမြင့်မားမှုနှင့် ဈေးကွက်လက်လှမ်း မီမှုနည်းပါးခြင်း များကြောင့် အမြတ်ရရှိမှုနည်းပါးပါသည်။ မိသားစုစားဝတ်နေရေးအဆင်ပြေစေရန်အတွက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

လုံယန်းရွာမကျေးရွာတွင် နွားမွေးမြူရေးလုပ်ငန်း၊ ကျွဲမွေးမြူရေးလုပ်ငန်းနှင့် ကြက်မွေးမြူရေးလုပ်ငန်းများကိုလည်း မွေးမြူလုပ်ကိုင်ကြပါသည်။ အခြားသော တိရစ္ဆာန် မွေးမြူရေးအနေဖြင့် ဝက်မွေးမြူမှုအနည်းငယ်သာရှိပါသည်။ မျိုးကောင်းမျိုးသန့်များရရှိနိုင်မှုမရှိခြင်း၊ ဈေးကွက်လက်လှမ်းမီမှုမရှိခြင်းနှင့် ဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးများ၊ နည်းပညာများမရှိခြင်းနှင့် စားကျက်မြေနှင့် တိရစ္ဆာန်အစာများရှားပါးခြင်းတို့ကြောင့်မွေးမြူရေး လုပ်ငန်းကို စီးပွားဖြစ်ဆောင်ရွက်နိုင်ခြင်းမရှိပါ။ စိုက်ပျိုးရေးကိုသာ ဘိုးစည်ဘောင်ဆက်လုပ်ကိုင်လာခြင်းနှင့် မွေးမြူရေးဆောင်ရွက်ရန် ငွေကြေးအရင်းအနှီးမရှိခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများ အား စီးပွားဖြစ်လုပ်ကိုင်မှုမရှိသည်ကို တွေ့ရှိရပါသည်။

**(ဂ)ငါးလုပ်ငန်း**

လုံယန်းရွာမကျေးရွာတွင် ငါးမွေးမြူသည့် လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိပါ။

**(ဃ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောလုပ်ငန်းများ**

လုံယန်းရွာမကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအပြင် အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်း အဖြစ် အရောင်းအဝယ်လုပ်ငန်း နှင့် လက်သမား၊ ပန်းရံလုပ်ကိုင်သူများသာရှိသည်။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်မှာ ၂၀၀၀၀ကျပ် မှ ၃၀၀၀၀ကျပ်အထိ ရပါသည်။ အလုပ်ကြမ်း သမားအဆင့်မှာ ၁၀၀၀၀မှ ၁၅၀၀၀ ရရှိကြပါသည်။ သီးနှံများ ခူးဆွတ်ရိတ်သိမ်းချိန်

များ အခြားသော ကျေးရွာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ချိန်များတွင် အမျိုးသားများနှင့်တန်းတူ အမျိုးသမီးများလည်း တစ်နေ့လျှင် လုပ်အားခမှာ (၁၂၀၀၀)မှ(၁၅၀၀၀)ကျပ်အထိ ရရှိကြပါသည်။ မြေပဲ၊ ပြောင်း၊ စပါးသီးနှံများအတွက် တစ်ဧကလျှင် ခူးဆွတ်ရိတ်သိမ်းခ (၇၀၀၀၀) မှ(၈၀၀၀၀)ကျပ်အထိ ကုန်ကျရပါသည်။လုံယန်းရွာမ ကျေးရွာတွင် လုပ်အားခရရှိမှုမှာ အမျိုးသားနှင့်အမျိုးသမီး တူညီစွာ ရရှိကြပါသည်။ လုံယန်းရွာမကျေးရွာတွင် အလုပ်လုပ်နိုင်သူဦးရေသည် အတော်အသင့်သာရှိပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် လူသားအရင်းမြစ်အတွက် အလားအလာကောင်းတစ်ရပ်ဖြစ်ပါသည်။ နည်းပညာအခြေခံသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ တတ်မြောက်မှုနည်းပါးခြင်းကြောင့် ကျွမ်းကျင် မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှုအခွင့်အလမ်းနည်းပါးပါသည်။

**(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

လုံယန်းရွာမကျေးရွာမှ တောင်သူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအတွက် ချေးငွေများမရရှိပါ။ ပညာရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အရေးပေါ်လိုအပ်လာပါက အတိုးပေးချေးသူ/ မိတ်ဆွေ/ ဆွေးမျိုးများ ထံတွင် ချေးယူရပြီး တစ်လလျှင် အတိုးနှုန်း (၅)ကျပ်မှ(၁၀)ကျပ်နှုန်းအထိ အတိုးကြီးမားစွာဖြင့် ချေးယူကြရပါသည်။

**(၅) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

လုံယန်းရွာမကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမ၊ ကျေးရွာစာကြည့်တိုက်၊ တည်ဆောက်ထားခြင်းမရှိသေးပါ။ ကျေးရွာနှင့်မြို့ ဆက်သွယ်သွားလာရာတွင် ကျွန်ုပ်တို့လုံယန်းကျေးရွာမှ ကျေးသီးမြို့အထိ ပြည်ထောင်စုကတ္တရာလမ်းကို အသုံးပြုရသဖြင့် လမ်းပန်းဆက်သွယ်ရေးအရ ကောင်းမွန်မှုရှိပါသည်။ ကျေးရွာတွင်းလမ်းများအားလုံးသည် မြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးရာသီအချိန်တွင် သွားလာရန် အခက်အခဲရှိပါသည်။ ကျေးရွာ၏ မီးလင်းရေးအနေဖြင့် ဆိုလာမီးကိုသာ အသုံးပြုကြရပြီး ငွေကြေးမတတ်နိုင်သည့် အိမ်ထောင်စု များအနေဖြင့် တပ်ဆင်နိုင်ခြင်းမရှိသေးပါ။ဆက်သွယ်ရေးနှင့် ပတ်သက်ပြီး ဖုန်းလိုင်းများသာ ဆက်သွယ်နိုင်ပြီး အင်တာနက်လိုင်းမရရှိသေးပါ။ကျေးရွာသူ/သား များအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍတွင် များစွာ စိတ်ပါဝင်စားလျက်ရှိပြီး အကောင်အထည်ဖော် ဆောင်ရွက်သော လုပ်ငန်းအားလုံး ၌ ပြီးမြောက်အောင်မြင်အောင် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်တတ်ကြပါသည်။

**(၆) ပညာရေး**

လုံယန်းရွာမကျေးရွာသည် လုံယန်းရွာမကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ပညာသင်ကြားကြရသဖြင့် ကျောင်းနေအရွယ်ကလေးများအတွက် အဆင်ပြေချောမွေ့မှုရှိပါသည်။ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းကို မိုင်းနောင်မြို့နယ်၊ လဲချားမြို့နယ် အထိ သွားရောက်၍ပညာသင်ကြားကြရပါသည်။ ကျေးရွာတွင် အတန်းပညာပြီးမြောက်မှုအနေဖြင့် ကျေးရွာလူဦးရေ၏ လက်ရှိပညာသင်ကြားနေသော မူလတန်း ကျောင်းသား/သူဦးရေ (၈၅) ဦး၊ အလယ်တန်းကျောင်းသား/သူဦးရေ (၂၂)ဦးရှိပြီး အထက်တန်းကျောင်းသား/ သူဦးရေ(၁၆)ဦးရှိပါသည်။ စာမတက်သူ(၂၂၄)ဦး၊ မူလတန်းအဆင့်(၁၇၆)ဦး၊ အလယ်တန်းအဆင့်(၃၇)ဦးနှင့် အထက်

တန်းအဆင့် (၃၃)ဦးရှိပြီး တက္ကသိုလ်/ဘွဲ့ရ(၁)ဦး ရှိပါသည်။ ရွာသူ ရွာသားအများစုသည် ရှမ်းစာကိုသာ စာရေးတက်၊ ဖတ်တက်ကြပါသည်။ ယခုအခါတွင် ကျေးရွာ၌ မူလတန်းကိုမဖြစ်မနေတက်ရောက်ကြသော စနစ်ကိုလည်း လိုက်နာကြပါသည်။ ဒေသတွင် ပညာရေးနှင့်ပတ်သတ်ပြီး အသင့်အတင့် ကောင်းမွန်ပါသည်။ မူလတန်း ပညာရေးမှာလည်း ပညာသင်ကြားမှုနှုန်း မြင့်မားသော်လည်း အလယ်တန်းနှင့်အထက်တန်းအထိ ပညာသင်ကြားမှု နည်းပါးပါသည်။

(၇) **ကျန်းမာရေး**

လုံယန်းရွာမကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိသောကြောင့် ကျန်းမာရေးကိစ္စများအတွက် အဆင်ပြေချောမွေ့ပါသည်။ မိုင်းနောင်မြို့နယ် တိုက်နယ်ဆေးရုံနှင့် ကျေးသီးမြို့နယ်ပြည်သူ့ဆေးရုံတို့တွင် အရေးပေါ်ကိစ္စရပ်များအတွက် သွားရောက်ကုသမှုခံယူကြပါသည်။ ကျေးရွာတွင်ကျန်းမာရေးဌာနမှ ကျေးရွာသူ/သားများ၏ ကျန်းမာရေးကိစ္စများ၊ ကာကွယ်ဆေးထိုနှံမှုတို့ကို ဆောင်ရွက်ပေးမှုများရှိပါသည်။ ကျေးရွာ၏သောက်သုံးရေများအတွက် စိမ့်စမ်းရေကိုသာ သောက်သုံးကြပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကို အုတ်ဖြင့်ဆောက်လုပ်ကြပြီး ဆင်းရဲသောအိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့်ဆောက်လုပ် သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်းလုံအိမ်သာ သုံးစွဲကြသဖြင့် ယင်ကြောင့်ဖြစ်ပွားတက်သော ဆက်စပ်ရောဂါများဖြစ်ပွားမှု နည်းပါသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာကို စနစ်တကျ ဆောက်လုပ်ထားသဖြင့် ကျောင်းသူ/သားများအတွက် အသုံးပြုရ လွယ်ကူပါသည်။ ရာသီအကူး အပြောင်းကာလများတွင် တုတ်ကွေး၊ ဝမ်းပျက်/ဝမ်းလျှော ဖြစ်ပွားမှု များပြားပါသည်။

(၈) **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ကျွန်ုပ်တို့ကျေးရွာသည် တောင်ပေါ်ဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးခြင်း၊ ရေလွှမ်းခြင်းများ မရှိပါ။ ရန်ဖါရန်ခါ မိုးသီးကြွေကျခြင်း၊ လေပြင်းတိုက်ခတ်ခြင်းမှလွဲ၍ အခြားဘေးအန္တရာယ် ကျရောက်မှုများမရှိပါ။ ကျေးရွာတွင် စပါး၊ ပြောင်း၊ မြေပဲများ တွင်ဖျက်ပိုးများ ကျရောက်သဖြင့် ခါတုပိုးသတ်ဆေးများသုံးစွဲမှုများပြားလာခြင်း၊ ခါတုဓာတ်မြေဩဇာများသုံးစွဲမှု များပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာပါသည်။ တောင်သူများအနေဖြင့် ခါတုဗေဒ ပိုးသတ်ဆေးများကို အသုံးပြုမှုများပြားလာခြင်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ဗူးခွံများကိုစနစ်တကျစွန့်ပစ်မှုအားနည်းခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်နိုင်ပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြင့်တင်ဆောင်ရွက်ပေးသင့်ပါသည်။

**၉။ ကျား/မရေးရာ**

လုံယန်းရွာမကျေးရွာတွင် ကျား၊မရေးရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုများတွင် ကျား၊မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျား၊မ အကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည်သာမန်အားဖြင့် ပညာရေးနှင့်

အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းများရှိ ကျား၊ မအရေအတွက်မှာ အလွန်ကွာခြားခြင်းမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ ကျေးရွာတွင် နေ့တွက်လုပ်အားခမှာ အမျိုးသားနှင့် အမျိုးသမီးများ တန်းတူရရှိကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုတို့မှာ အလွန်နည်းပါးလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင် အသင့်အတင့် ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား၊မတန်းတူညီမှုနှင့်ပတ်သတ်၍ အသိပညာပေး ခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား၊မတန်းတူညီမှု၊ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

**(၁၀) ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**

လုံယန်းရွာမကျေးရွာ၏ စီမံချက်အလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုများသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ခဲ့ကြပါသည်။ တချို့စီမံချက်များရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာလူထုမှ ဦးစားပေးနှစ်အလိုက် ရွေးချယ်ထားသော ဖော်ထုတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများကို သက်ဆိုင်ရာဦးစီးဌာနများ၏ ဘတ်ဂျက်များတွင် လျာထားဆောင်ရွက်နိုင်ရေးအတွက် ဌာနနှင့် ကျေးရွာလူထုများမှ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | စီမံချက်အမည် | ဦးစားပေးအဆင့် | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ | ၂၀၂၇-၂၀၂၈ | ၂၀၂၈-၂၀၂၉ | ၂၀၂၉-၂၀၃၀ |
|---|---|---|---|---|---|---|---|
| ၁ | စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း (၄၆၀၀ပေ)+ဂါလံ(၅၀၀၀)ဆံ့ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း | ၁ | √ | | | | |
| ၂ | ဆိုလာမီးဝယ်ယူတပ်ဆင်ခြင်း | ၂ | | √ | | | |
| ၃ | ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း (၅၂၈၀'×၁၂'×၆") | ၃ | | | √ | | |
| ၄ | ရွာတွင်းလမ်းဖောက်လုပ်ခြင်း | ၄ | | | | √ | |
| ၅ | ဆက်သွယ်ရေး | ၅ | | | | | √ |

## (၁၁) လုံယန်းရွာမကျေးရွာ ဦးစားပေးလုပ်ငန်းများ အဆင့်ခွဲခြားသတ်မှတ်ချက်

| စဉ် | စီမံချက်အမည် | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၁) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၂) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၃) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၄) | အကဲဖြတ်အမှတ်ပေးသူအဖွဲ့(၅) | စုစုပေါင်း | အဆင့် |
|---|---|---|---|---|---|---|---|---|
| ၁ | စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း (၄၆၀၀ပေ)+ဂါလံ(၅၀၀၀)ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း | ၁၀ | ၇ | ၁၀ | ၆ | ၁၀ | ၄၃ | ၁ |
| ၂ | ဆိုလာမီးဝယ်ယူတပ်ဆင်ခြင်း | ၉ | ၅ | ၁၀ | ၅ | ၁၀ | ၃၉ | ၂ |
| ၃ | ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း (၅၂၈၀'×၁၂'×၆") | ၈ | ၄ | ၁၀ | ၅ | ၉ | ၃၆ | ၃ |
| ၄ | ရွာတွင်းလမ်းဖောက်လုပ်ခြင်း | ၇ | ၃ | ၉ | ၅ | ၈ | ၃၂ | ၄ |
| ၅ | ဆက်သွယ်ရေး | ၆ | ၃ | ၈ | ၄ | ၈ | ၂၉ | ၅ |

(၁၂) လုံယန်းရွာမကျေးရွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီစာရင်း

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | တာဝန် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးသန့်ဇင် | ဂ/ဇကန(နိုင်)၀၂၃၁၆၆ | ဥက္ကဋ္ဌ | |
| ၂ | မောင်လုကာ | ၁၃/မရန(နိုင်)၀၃၀၃၅၉ | အတွင်းရေးမှူး | |
| ၃ | ဒေါ်စောရင် | ၁၃/မနတ(နိုင်)၀၀၁၆၃၇ | ဘဏ္ဍာရေးမှူး | |
| ၄ | ဒေါ်အဲမေ | ၁၃/မနတ(နိုင်)၀၁၈၇၅၀ | စာရင်းကိုင် | |
| ၅ | ဦးကျာအူ | ၁၃/မနတ(နိုင်)၀၀၁၇၀၅ | အဖွဲ့ဝင် | |
| ၆ | ဒေါ်စောလှ | ၁၃/မနတ(နိုင်)၀၁၀၈၀၁ | အဖွဲ့ဝင် | |
| ၇ | ဦးဖိုးကျော် | ၁၃/မရန(နိုင်)၀၁၈၆၉၇ | အဖွဲ့ဝင် | |
| ၈ | ဦးကျာဝ | ၁၃/မနတ(နိုင်)၀၀၁၆၄၇ | အဖွဲ့ဝင် | |
| ၉ | ဒေါ်ဇင်မာဌေး | ၁၃/ညရန(နိုင်)၀၉၅၇၂၂ | အဖွဲ့ဝင် | |

လုံယန်းရွာမကျေးရွာ ဝယ်ယူရေးဆပ်ကော်မတီစာရင်း

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | တာဝန် | မှတ်ချက် |
|---|---|---|---|---|
| ၁ | မောင်လုကာ | ၁၃/မရန(နိုင်)၀၃၀၃၅၉ | အတွင်းရေးမှူး | |
| ၂ | ဦကျာအူ | ၁၃/မနတ(နိုင်)၀၀၁၇၀၅ | ဘဏ္ဍာရေးမှူး | |
| ၃ | ဒေါ်အဲမေ | ၁၃/မနတ(နိုင်)၀၁၈၇၅၀ | စာရင်းကိုင် | |

**စီမံချက်ဆိုင်ရာ အချက်အလက်များ**

**စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ** ( Project Profile )

| |
|---|
| ကျေးရွာ - လုံယန်းရွာမကျေးရွာ<br>ကျေးရွာအုပ်စု - လုံယန်းကျေးရွာအုပ်စု<br>မြို့နယ် - ကျေးသီးမြို့နယ်<br>တိုင်း/ပြည်နယ် - ရှမ်းပြည်နယ်(တောင်ပိုင်း)၊မိုင်းရှူးခရိုင် |
| စီမံချက်အမည် - စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း (၄၆၀၀ ပေ)နှင့် ဂါလံ(၅၀၀၀)ဆံ့ ရေစုကန်တည်ဆောက်ခြင်း |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ<br>လုံယန်းရွာမကျေးရွာသည် သောက်သုံးရေအား ကျေးရွာမှ ၁မိုင်ခန့် ကွာဝေးသည့် စိမ့်စမ်းရေထွက်ထိ သွားရောက်ခပ်ယူရခြင်းဖြစ်၍ မိုးရာသီတွင် သွားလာရန် ခက်ခဲသောကြောင့် ဖြစ်သည်။ သို့ဖြစ်ပါ၍ စိမ့်စမ်းရေခပ်ယူရာတွင် အဆင်ပြေစေရန်အတွက် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် သွယ်တန်းလာသောရေများကို သိုလှောင်နိုင်စေရန် ဂါလံ(၅၀၀၀)ဆံ့ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း လိုအပ်ရခြင်းဖြစ်သည်။ |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းနှင့် ဂါလံ(၅၀၀၀)ဆံ့ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာပြည်သူထည့်ဝင် ငွေများ၊ လုပ်အားများဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပြီး စိမ့်စမ်းရေထွက်နှင့် ရေစုကန်ရေရှည်တည့်တံ့စေရန်အတွက် ကျေးရွာရေပေးရေးကော်မတီများ ဖွဲ့စည်းကာ ဆောင်ရွက်သွားမည်ဖြစ်သည်။ |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာသူ/သားများအတွက် ရေရှားသည့် ပြဿနာများ ပြေလည်ကာ သောက်သုံးရေများဖူလုံစွာ ရာသီမရွေးရရှိစေရန် ကော်မတီများဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။ |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည် )<br>သက်ဆိုင်ရာဦးစီးဌာန၏ ထောက်ပံ့ငွေ၊နည်းပညာအကူအညီနှင့် ကျေးရွာသူ/သားများ၏ လုပ်အား၊ ထည့်ဝင်ငွေ များဖြင့်လုပ်ငန်းအား အရည်သွေးပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းအား အောင်မြင်စွာ ဆောင်ရွက်သွားမည်။ |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|

| | |
|---|---|
| • ၁၅၀၀၀၀၀/-(ငွေသား)<br>• ၅၅၆၀၀၀/- (ငွေသား)<br>• (ပစ္စည်း/လုပ်အား) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၂၃၄ | ၂၃၇ | ၄၇၁ | ၄ | ၅၂ | ၄၂ | ၁၂ | ၁၁၀ |
| အကျိုးခံစားမည့်သူ ဦးရေ | ၂၃၄ | ၂၃၇ | ၄၇၁ | ၄ | ၅၂ | ၄၂ | ၁၂ | ၁၁၀ |
| မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း( များ )<br>- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ<br>- ကျေးရွာလူထု<br>- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း -၁၅.၉.၂၀၂၅ |
| (၃) စီမံချက် ပြီးစီးမည့် အချိန် - ၁၅.၁၂.၂၀၂၅ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br>ကျေးရွာသူ/သားများအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းအား အောင်မြင်စွာအကောင်အထည် ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေအား/လုပ်အား/ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေး အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး/ရွာသူကြီး၊ ဆယ်အိမ်မှူး/ ရာအိမ်မှူးများ၊ ကျေးရွာရပ်မိရပ်ဖများမှ ဦးဆောင်၍ ရွာလုံးကျွတ် အစည်းအဝေး ကျင်းပပြုလုပ် ခြင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေး ဆိုင်ရာ အစီအစဉ်များ<br>ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီ၊ ရပ်မိရပ်ဖများနှင့် ရွာသူရွာသား များ ပူးပေါင်း၍ လုပ်ငန်းများအချိန်မီပြီးစီးရေး၊ အရည်အသွေးပြည့်မှီရေးတို့ကို ဆောင်ရွက်သွား မည်ဖြစ်ပြီး ဆောင်ရွက်ပြီးသော ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့် တာဝန်ပေးအပ်ထားသော သိတတ်နားလည်သည့် ကြီးကြပ်သူများမှဦးဆောင်မှုဖြင့် ကျေးရွာသူ/သားများ ပူးပေါင်း၍ လုပ်ငန်းလည်ပတ်နိုင်ရေးနှင့် ငွေကြေးဆိုင်ရာကိစ္စရပ်များအား စနစ်တကျ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၉ | ၁၄ | – | – |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၉ | ၁၁ | ၃၀ | – | – |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၀ | ၂၄ | ၄၄ | – | – |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၀ | ၃၁ | ၆၁ | – | – |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၃၃ | ၁၃၁ | ၂၆၄ | ၆ | – |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၂၇ | ၃၁ | ၅၈ | – | – |
| စုစုပေါင်း | | ၂၃၄ | ၂၃၇ | ၄၇၁ | ၆ | – |
| စုစုပေါင်း အိမ်ထောင်စု | | ၁၁၀ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ ၆၄နှစ်ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှာ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက် အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ လုံယန်းရွာမကျေးရွာရှိ လူဦးရေများအနက်မှ အလုပ်လုပ်နိုင်သည့် လူဦးရေ (၂၆၄)ဦးရှိ၍ အသက်(၁၄)နှစ်အောက် (၁၄၉)ဦးရှိပြီး သက်ကြီးရွယ်အို(၅၈)ဦးနှင့် မသန်စွမ်းသူ(၆)ဦး ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများသောကြောင့် ကျေးရွာတွင် လိုအပ်သော ကိစ္စအဝဝကို ပူးပေါင်းဆောင်ရွက်မှုအား ကောင်းသည်ကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၉ | ၁၈၉ | ၅ | ၂ | ၅ | | မြင့် ☑<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၁ | ၅၆ | | | | | မြင့်☐<br>လတ်☑<br>နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐<br>လတ်☐<br>နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား /ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနံရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် □<br>လတ်□<br>နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □<br>လတ်□<br>နိမ့် □ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် □<br>လတ်□<br>နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □<br>လတ်□<br>နိမ့် □ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် □<br>လတ်□<br>နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □<br>လတ်□<br>နိမ့် □ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် □<br>လတ်□<br>နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □<br>လတ်□<br>နိမ့် □ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှနှိပ်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | ☒ |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □<br>လတ်□<br>နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □<br>လတ်□<br>နိမ့် □ |
| | စုစုပေါင်း | | | | | | | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”အရေအတွက်တွင်“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ “ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)” ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်)အလုပ်သမား/ ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“စိုက်ပျိုးရေး” ကဏ္ဍ၏ “ကိုယ်ပိုင်လုပ်ငန်း”တွင် ရပ်တည်နိုင်မှု “မြင့်” ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ လုံယန်းရွာမကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြပြီး အခြားဝင်ငွေရ လုပ်ငန်းအဖြစ် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စုမှာ နည်းပါးသည်။ လုပ်သားအင်အား အသင့်အတင့်ရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျားမအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျားမအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၃၀၀၀၀ | - | ၂၀၀၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းအဓိကလုပ်ကိုင်ကြသဖြင့် အလုပ်သမားလုပ်အားခများအနေဖြင့် အမျိုးသား/သမီးတန်းတူရမှာ ကွာဟမှု မရှိပါ။ လက်သမား၊ပန်းရံလုပ်ငန်းတွင် ဆရာအဖြစ် လုပ်အားခ ၃၀၀၀၀ကျပ်ရရှိပြီး လုပ်သားတွင် ၂၀၀၀၀ကျပ်ရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) **သဘာဝရင်းမြစ်များ**

(ဂ-၁) **စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၁၂၈.၃ | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၁၀၈ | ကောင်း ☐ | သင့်☐ | ညံ့☑ |
| ဥယျာဉ်ခြံမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ(ကျွန်းမျှော) | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ခနိတောမြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| မြေလွတ်မြေလပ် | - | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စုစုပေါင်း | ၂၃၆.၃ | ☒ | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။ မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင် နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းသာအဓိကလုပ်ကိုင်ကြသဖြင့် မြေယာပိုင်ဆိုင်မှုမှာ လယ်မြေ(၁၂၈.၃)ဧက၊ ယာမြေ(၁၀၈)ဧက ရှိပါသည်။ မြေဆီလွှာအရည်အသွေးသည်လည်း အသင့်အတင့် ကောင်းမွန်မှုရှိပါကြောင်းနှင့် အခြား ဝင်ငွေရလုပ်ငန်းဖြစ်သည့် မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူများမှာ အနည်းငယ်ရှိသော်လည်း အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်သူမရှိသေးကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ-၂) **ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေး ရန်) | လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ☑ | လျော့☐ တိုး ☐အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း☑ မရှိ ☐ | လွယ်☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့☑တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐မရှိ ☐ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐တိုး ☐ အပြောင်းအလဲမရှိ ☐ |
